**ခရစ်ယာန်အသက်တာ၊ အသင်းတော်အသက်တာ၊ ခေတ်ကာလ၏ပြီးမြောက်ပြည့်စုံခြင်းနှင့် သခင်ဘုရား၏ကြွလာခြင်း**

(Saturday—Second Morning Session)

Message Five

# ဆုတောင်းရာအိမ်အဖြစ် ခရစ်တော်၏ကိုယ်ခန္ဓာတော်ဖြစ်သည့် အသင်းတော်မှတစ်ဆင့် ဘုရားသခင်ထံသို့ ပူဇော်သည့် ခေတ်ကာလ၏ ဆုတောင်းခြင်း

ဖတ်ရန်ကျမ်း။ ။ ဟေရှာ၊ ၅၆း၇။ မ၊ ၁၈း၁၈–၁၉။ မာ၊ ၁၁း၁၇က။ ဧ၊ ၁း ၂၀–၂၃။ ၂း၆

**I. ခေတ်ကာလ၏ ဆုတောင်းခြင်းသည် ဘုရားသခင်၏စီမံကိန်း ပြီးမြောက်ပြည့်စုံခြင်းအတွက် ခရစ်တော်၏ ကိုယ်ခန္ဓာတော်ဖြစ်သည့် အသင်းတော်၏ဆုတောင်းခြင်း၊ တက်ကြွသော သခင်ဘုရားနှင့် ကိုယ်ခန္ဓာတော်၏ဦးခေါင်း ဖြစ်သည့် ခရစ်တော်၏ အခွင့်အာဏာကို လေ့ကျင့်လုပ်ဆောင်သည့် ဆုတောင်းခြင်းဖြစ်သည် – ဟေရှာ၊ ၄၅း၁၁။ ၆၂း၆–၇။ ယေဇ၊ ၃၆း၃၇။ မ၊ ၁၈း၁၈–၁၉။**

က။ ခရစ်တော်၏ တက်ကြွခြင်းက ရွေးနုတ်ခြင်းအလုပ်တစ်ခုလုံးသည် လုံးလုံး ပြီးပြည့်စုံခဲ့ပြီဖြစ်ကြောင်း ညွှန်ပြနေသည် – ဟေဗြဲ၊ ၁း၃။ ၁၀း၁၂။

၁။ ခရစ်တော်၏တက်ကြွခြင်းက ခရစ်တော်၏ သခင်အရိုက်အရာသည် တည်စေခဲ့ပြီဖြစ်ကြောင်း ညွှန်ပြနေသည် – တ၊ ၂း၃၆။

၂။ ခရစ်တော်သည် ဘုရားသခင်အားဖြင့် ချီးမြှောက်ခံရခြင်း၊ စကြဝဠာ၏ သခင်ဘုရားအဖြစ် တည်စေခြင်းနှင့် အသင်းတော်ထံသို့ အရာခပ်သိမ်းအပေါ် ဦးခေါင်းဖြစ်စေခြင်း ခံရပြီဖြစ်သည်။ အရာခပ်သိမ်းတို့သည် ကိုယ်တော်၏ခြေတော်အောက်၌ရှိကာ၊ ကိုယ်တော် ရယူကာ ရရှိခဲ့ပြီးသည့် အရာရာတိုင်းကို ကိုယ်တော်၏ကိုယ်ခန္ဓာတော်ဖြစ်သည့် အသင်းတော်သို့ ပို့လွှတ်ဖြန့်ဖြူးခဲ့ပြီဖြစ်သည် – ဧ၊ ၁း ၂၂–၂၃။

ခ။ အသင်းတော်သည် ခရစ်တော်၏ ကိုယ်ခန္ဓာတော်ဖြစ်သောကြောင့် အသင်းတော်၏ အဆင့်အနေအထားသည် ခရစ်တော်၏ အဆင့်နှင့် အတိအကျ တူညီမှုရှိသည်။ ကိုယ်ခန္ဓာတော်သည် ဦးခေါင်းတော်နှင့် တစ်လုံးတစ်ဝတည်းရှိသောကြောင့် ကိုယ်ခန္ဓာတော်၏ အဆင့်အနေအထားသည် ဦးခေါင်းတော်၏ အဆင့်နှင့် အတိအကျ တူညီမှုရှိသည် – ၁ကော၊ ၁၂း၁၂၊ ၂၇။ ဧ၊ ၅း၃၀။

ဂ။ ကိုယ်ခန္ဓာတော်၏ အခွင့်အာဏာသည် ကိုယ်ခန္ဓာတော်အားဖြင့် ကျင့်သုံးလုပ်ဆောင်သည့် ဦးခေါင်းတော်၏ အခွင့်အာဏာဖြစ်သည်။ ထို့ကြောင့် ကိုယ်ခန္ဓာတော်၏ အခွင့်အာဏာသည် ဦးခေါင်းတော်၏ အခွင့်အာဏာဖြစ်သည် – ကော၊ ၁း၁၈။ ၂း၁၉။

ဃ။ ခေတ်ကာလ၏ဆုတောင်းခြင်းသည် ယုံကြည်သူတစ်ဦးချင်း၏ ဆုတောင်းခြင်းမဟုတ်ဘဲ၊ ခရစ်တော်၏ကိုယ်ခန္ဓာတော်ဖြစ်သည့် အသင်းတော်၏ ဆုတောင်းခြင်းဖြစ်သည် – တ၊ ၁၂း၅ခ။ ဗျာ၊ ၈း၃။

၁။ ဤသို့သော ဆုတောင်းခြင်းမျိုးတွင် ကျွန်ုပ်တို့သည် သခင်ဘုရားအား ကျွန်ုပ်တို့အတွက် တစ်စုံတစ်ခု လုပ်ဆောင်ပေးရန် တောင်းပန်နေခြင်း မဟုတ်ပါ။ ထိုအစား ကျွန်ုပ်တို့သည် အုပ်စိုးသူ၊ အခွင့်အာဏာ၊ တန်ခိုး၊ သခင်အရာနှင့် နာမည်ရှိသော နာမများအားလုံးတို့၏ အထက်၊ ကောင်းကင်ဆိုင်ရာများ၌ ဘုရားသခင်၏လက်ယာတော်ဘက်၌ ထိုင်နေသောမူသောအရှင်ဖြစ်သည့် သခင်ဘုရား ရယူကာ ရရှိခဲ့ပြီးသောအရာကို ကြွေးကြော်နေကြခြင်းဖြစ်သည် – ဧ၊ ၁း ၂၀–၂၁။

၂။ ကျွန်ုပ်တို့သည် တက်ကြွခြင်း၌ သခင်ဘုရား ရယူခဲ့ပြီးသောအရာအတိုင်း ဆုတောင်းသောအခါ ကိုယ်တော်၏တက်ကြွခြင်းအခြေကို ကျွန်ုပ်တို့ယူဆောင်ကာ၊ လောကရှိ မျက်မှောက်အခြေအနေအပေါ် ကိုယ်တော်၏ သခင်အရာကို ကြွေးကြော်ခြင်း ရှိကြသည် – ၂း၆။

၃။ ကိုယ်ခန္ဓာတော်သည် ကောင်းကင်များရှိ ဦးခေါင်းတော်နှင့် တစ်လုံးတစ်ဝဖြစ်သောကြောင့် ကိုယ်ခန္ဓာတော်သည် ကောင်းကင်များ၌ ချည်နှောင်ခြင်း သို့မဟုတ် ဖြေလွှတ်ခြင်း ရှိပြီးသားအရာတို့ကို ချည်နှောင်ရန် သို့မဟုတ် ဖြေလွှတ်ရန် အခွင့်အာဏာရှိသည် – မ၊ ၁၆း၁၉။ ၁၈း၁၈။

င။ ဤသို့သော ဆုတောင်းခြင်းအထဲသို့ အပြည့်အဝဝင်ရောက်ကာ၊ ဦးခေါင်းတော်မှ ကိုယ်ခန္ဓာတော်သို့ ပေးအပ်ထားခဲ့သည့် အခွင့်အာဏာကို ကျင့်သုံးလုပ်ဆောင်နိုင်ရန် ကျွန်ုပ်တို့သည် ကိုယ်ခန္ဓာတော်၏ အင်္ဂါဝင်များဖြစ်ကြောင်းကို သိနားလည်ရမည်၊ ကိုယ်ခန္ဓာတော်၌ ကျွန်ုပ်တို့ အသက်ရှင်၊ ပြုမူ၊ လှုပ်ရှားလုပ်ဆောင်ခြင်း ရှိရမည်ဖြစ်သည် – ရော၊ ၁၂း၅။ ၁ကော၊ ၁၂း၁၂–၂၇။

**II. ခရစ်တော်၏ကိုယ်ခန္ဓာတော်ဖြစ်သည့် အသင်းတော်သည် ဆုတောင်းရာအိမ်ဖြစ်သည် – ဟေရှာ၊ ၅၆း၇။ မာ၊ ၁၁း၁၇က။ ယော၊ ၂း၁၆–၁၇၊ ၁၉–၂၁။ ၁၄း၂။ ဟေဗြဲ၊ ၃း၆။**

က။ ဆုတောင်းရာအိမ်ဖြစ်သည့် ဘုရားသခင်၏ဗိမာန်တော်အဖြစ် အသင်းတော်၌ ကျွန်ုပ်တို့သည် ဘုရားသခင်၏ အလိုဆန္ဒပြီးပြည့်စုံခြင်းရှိရန်၊ ဘုရားသခင့်အလိုတော် သယ်ဆောင်ခြင်းရှိရန်၊ ဘုရားသခင်၏ စီမံကိန်း ပြီးမြောက်ပြည့်စုံခြင်းရှိရန်အတွက်

ဆုတောင်းကြသည် – ၁ဘုရင်၊ဂး၄ဂ။ ဒံ၊၉း၁–၂၃။ ယော၊၁၅း၇။ မ၊၆း၁၀။ ဧ၊၃း၁၄–၂၁။ ၅း၂၇။ ဗျာ၊၁၄း၁။ ၂၁း၂။

ခ။ ဆုတောင်းရာအိမ်၌ ကျွန်ုပ်တို့သည် ဆုတောင်းသောလူအဖြစ် ဘုရားဆိုင်ရာနှင့် နက်နဲခြင်းဆိုင်ရာ၌ လျှို့ဝှက်နက်နဲသော ဘုရားသခင်ထံ ဆုတောင်းခြင်း၌ အသက်ရှင်ကာ၊ အစေခံခြင်းရှိကြသည် – လု၊၅း၁၆။ ယော၊၆း၅၇။ ၁၄း၉–၁၀၊ ၂၀။

ဂ။ ဆုတောင်းရာအိမ်ဖြစ်သည့် ဘုရားသခင်၏ဗိမာန်တော်အဖြစ် အသင်းတော်၌ ကျွန်ုပ်တို့သည် ဘုရားသခင်၏ အလိုဆန္ဒနှင့် စဉ်းစားခြင်းအတိုင်း ဆုတောင်းကြသည်။ ထိုသို့သော ဆုတောင်းခြင်းသည် အဖိုးတန်ကာ အလေးချိန်စီးပြီး၊ ၎င်းသည် မရဏာနိုင်ငံ၏ တံခါးများကို လှုပ်ခါ၍၊ စာတန်ကို ထိခိုက်စေလိမ့်မည်ဖြစ်သည် – ဒံ၊၉း၁–၂၃။

ဃ။ ဘုရားသခင်ထံသို့ နှစ်လိုဖွယ်ဖြစ်သည့် ဆုတောင်းခြင်းမှာ ဘုရားသခင်၏ အလိုတော် ပြီးမြောက်ပြည့်စုံရန်နှင့် ဘုရားသခင်၏ အလုပ်ပြီးမြောက်ရန်အတွက် ဆုတောင်းသည့် ဆုတောင်းခြင်းဖြစ်သည် – မ၊၆း၁၀။ ကော၊၁း၉။ ၄း၁၂။ ဟေရှာ၊၄၅း၁၁။ ၆၂း၆–၇။ ယေဇ၊၃၆း၃၇။

င။ ဆုတောင်းရာအိမ်၌ ကျွန်ုပ်တို့၏ ဆုတောင်းခြင်းသည် ဘုရားသခင်၏ စီမံကိန်း ပြီးမြောက်ပြည့်စုံခြင်းအတွက် ဖြစ်သင့်သည် – ၁ဘုရင်၊ဂး၄ဂ။

၁။ သန့်ရှင်းသောမြေ၊ သန့်ရှင်းသောမြို့တော်နှင့် သန့်ရှင်းသောဗိမာန်တော်တို့သည် ဘုရားသခင်၏ စီမံကိန်း၌ အရေးပါသောအရာ သုံးခုဖြစ်သည်။

က။ ခရစ်တော်သည် ကျွန်ုပ်တို့၏ ကောင်းသောမြေဖြစ်သည်။ ခရစ်တော်သည် ကျွန်ုပ်တို့၏ မြို့တော်၊ ကျွန်ုပ်တို့၏ နိုင်ငံတော်ဖြစ်သည်။ ခရစ်တော်သည် ဘုရားသခင်၏ ကိန်းဝပ်ရာနေရာ ဗိမာန်တော်ဖြစ်သည်။

ခ။ ကျွန်ုပ်တို့၏ ဆုတောင်းခြင်းများသည် သန့်ရှင်းသောမြေ၊ သန့်ရှင်းသောမြို့တော်နှင့် သန့်ရှင်းသောဗိမာန်တော်တို့ကို ရည်ရွယ်ထားရမည်။ ဤသည်မှာ ကျွန်ုပ်တို့၏ ဆုတောင်းခြင်းများသည် ဘုရားသခင်၏ စိတ်ဝင်စားမှု၌၊ တစ်နည်းဆိုသော်၊ မြေကြီးပေါ် ဘုရားသခင်၏ စိတ်ဝင်စားမှုဖြစ်သည့် ခရစ်တော်နှင့် အသင်းတော်သို့ ရည်ရွယ်ထားရမည်ဖြစ်ကြောင်း ဆိုလိုသည် – ဧ၊၁း၁၆–၂၃။ ၃း၁၄–၂၁။

ဂ။ ဒံယေလသည် သူ၏ ပြတင်းပေါက်များကို ယေရုရှလင်မြို့ဆီသို့ ဖွင့်ထားခြင်းအားဖြင့် သန့်ရှင်းသောမြေ၊ သန့်ရှင်းသောမြို့တော်၊ သန့်ရှင်းသောဗိမာန်တော်အတွက် ဆုတောင်းခဲ့သည် – ဒံ၊၆း၁၀။

၂။ မှန်ကန်သင့်လျော်စွာ ဆုတောင်းရန် ကျွန်ုပ်တို့သည် သခင်ယေရှု၏ နာမ၌ ဘုရားသခင်ထံသို့ ဆုတောင်းကာ၊ ကိုယ်တော်၏ စီမံကိန်းအတွက် ဘုရားသခင်၏ စိတ်ဝင်စားမှုကို ရည်ရွယ်ထားရမည်။ ယေရှု၏ နာမ၌ ဆုတောင်းခြင်းမှာ ဘုရားသခင်၏ နိုင်ငံတော်အဖြစ်လည်းကောင်း၊ ဘုရားသခင်၏ ကိန်းဝပ်နေရာအဖြစ်လည်းကောင်း ကျွန်ုပ်တို့ထံ ဘုရားသခင်၏ ဝေစုဖြစ်သည့် ခရစ်တော်တည်းဟူသော မြေကြီးပေါ် ဘုရားသခင်၏ စိတ်ဝင်စားမှုအတွက် ဆုတောင်းခြင်းဖြစ်သည် – ယော၊ ၁၄း၁၃–၁၄။ ၁၅း၁၆။ ဧ၊၂း၂၁–၂၂။ ၃း၈။ ကော၊၁း၁၂–၁၃။

စ။ ကိုယ်တော်၏ ကောင်းကင်ဆိုင်ရာအမှုတော်၌ ခရစ်တော်သည် ကြားခံတောင်းလျှောက်ခြင်း၊ အမှုဆောင်ခြင်းနှင့် ဘုရားသခင်၏ စီမံခန့်ခွဲခြင်းတို့ကို စီရင်ဆောင်ရွက်ကာ၊ ကျွန်ုပ်တို့သည် ဆုတောင်းရာအိမ်ဖြစ်သည့် ဘုရားသခင်၏ ဗိမာန်တော်အဖြစ် အသင်းတော်၌ ကျွန်ုပ်တို့၏ ဆုတောင်းခြင်းများအားဖြင့် ကိုယ်တော်၏ ကောင်းကင်ဆိုင်ရာအမှုတော်ရှိ ခရစ်တော်၏ လှုပ်ရှားဆောင်ရွက်မှုများကို တုန့်ပြန်သောသူများဖြစ်ရန် လိုအပ်သည် – ဟေဗြဲ၊၂း၁၇။ ၄း၁၄။ ၇း၂၅–၂၆။ ဂး၁–၂။ ဗျာ၊၅း၆။ ကော၊၃း၁–၄။

၁။ ကျွန်ုပ်တို့၏ ဆုတောင်းခြင်းမှတစ်ဆင့် ဦးခေါင်းတော်ဖြစ်သည့် ခရစ်တော်သည် ကိုယ်ခန္ဓာတော်မှတစ်ဆင့် ကိုယ်တော်၏ စီမံခန့်ခွဲခြင်းကို သယ်ဆောင်ခြင်းငှာ လမ်းကြောင်း ရရှိလေသည်။ ဦးခေါင်းတော်သည် ကောင်းကင်၌ ကြားခံတောင်းလျှောက်ခြင်း၊ အမှုဆောင်ခြင်းနှင့် စီမံခန့်ခွဲခြင်းပြုနေသည့်အလျောက် ကိုယ်ခန္ဓာတော်ဖြစ်သည့် ကျွန်ုပ်တို့သည် ခရစ်တော်၏ ကောင်းကင်ဆိုင်ရာအမှုတော်ကို တုန့်ပြန်ခြင်းဖြင့် မြေကြီးပေါ် တွင် လုပ်ဆောင်ကာ၊ ကိုယ်တော်လုပ်ဆောင်နေသည့်အရာကို ရောင်ပြန်ဟပ် ထင်ရှားစေကြသည် – ၁း၁ဂက။ ၂း၁၉။ ၃း၁–၂။ ဟေဗြဲ၊၂း၁၇။ ၄း၁၄။ ၇း၂၅–၂၆။ ဂး၁–၂။ ဗျာ၊၅း၆။

၂။ ကျွန်ုပ်တို့သည် အထက်အရာများကို ရှာဖွေခြင်းနှင့် ခရစ်တော်နှင့်အတူ အသက်တစ်ခု၊ အသက်ရှင်ခြင်းတစ်ခုသာ ရှိမည်ဆိုလျှင်၊ သခင်ဘုရား၏ စိတ်ဝင်စားမှုဖြင့် ကျွန်ုပ်တို့ လုံးလုံး သိမ်းပိုက်လွှမ်းမိုးခံရမည်ဖြစ်သည်။ ကျွန်ုပ်တို့၏ စိတ်နှလုံးသည် ကောင်းကင်ရှိ ကိုယ်တော်နှင့်အတူ၊ ယင်းမှာ ကိုယ်တော်က အသင်းတော်များအတွက် ကြားခံတောင်းလျှောက်ခြင်း၊ သန့်ရှင်းသူများကို ထောက်ပံ့မစခြင်း၊ ဘုရားသခင်၏ အုပ်စိုးမှုကို စီမံခန့်ခွဲခြင်းပြုရာနေရာတွင် ရှိမည်ဖြစ်သည် – ကော၊ ၄း၁–၄၊ ၁၇။

ဆ။ ဆုတောင်းရာအဖြစ် အသင်းတော်၌ ဆုတောင်းခြင်းသည် တက်ကြွခြင်း၏ အနေအထားတွင်ဖြစ်ပြီး၊ ဤဆုတောင်းခြင်း၏

အဆင့်အနေအထားနှင့်အတူ ဆုတောင်းခြင်း၏ အခွင့်အာဏာ ရှိသည်။ ကျွန်ုပ်တို့၌ ကောင်းကင်ဆိုင်ရာအနေအထားနှင့် အခွင့်အာဏာရှိသောအခါ ကျွန်ုပ်တို့၏ဆုတောင်းခြင်းများသည် ဘုရားသခင်၏စီမံခန့်ခွဲခြင်းဖြစ်လာပြီး၊ ဘုရားသခင်၏ အလိုတော်ကို စီမံဆောင်ရွက်ခြင်း ဖြစ်လာလိမ့်မည်။ ဤသည်မှာ အသင်းတော်၏ အောင်မြင်လွှမ်းမိုးသောဆုတောင်းခြင်း – ခေတ်ကာလ၏ ဆုတောင်းခြင်း ဖြစ်သည် – ဧ၊၁း ၂၂–၂၃။ ၂း၆။ မ၊၆း၉–၁၀၊ ၁၃ခ။

၈။ ဆုတောင်းရာအိမ်အဖြစ် အသင်းတော်၌ ကျွန်ုပ်တို့သည် စီမံဆောင်ရွက်ခြင်းနည်းလမ်း၌ ဆုတောင်းကြပြီး၊ ကောင်းကင်၌ ချည်နှောင်ပြီးသားအရာကို မြေကြီးပေါ်တွင် ချည်နှောင်၍၊ ကောင်းကင်၌ ဖြေလွှတ်ပြီးသားအရာကို မြေကြီးပေါ်တွင် ဖြေလွှတ်ခြင်း ပြုကြသည်။ ဤသည်မှာ ကိုယ်ခန္ဓာတော်၏ ဆုတောင်းခြင်းဖြစ်သည်။ ကျွန်ုပ်တို့သည် ဤသို့သော ဆုတောင်းချက်ကို ကျွန်ုပ်တို့က "တစ်ညီတစ်ညွတ်တည်း၌"တောင်းလျှောက်သည့်အခါမှသာ ရရှိနိုင်သည် – ၁၈း၁၈–၁၉။

၉။ ဆုတောင်းရာအိမ်အဖြစ် အသင်းတော်၌ ကျွန်ုပ်တို့သည် ခရစ်တော်၏ ကြားခံတောင်းလျှောက်ခြင်းအသက်တာ၌ ပါဝင်ဆက်ဆံခြင်းရှိကာ၊ ဘုရားဆိုင်ရာစီမံခန့်ခွဲခြင်း၏ အလယ်ဗဟို၌ ဆုတောင်းခြင်း ရှိကြသည် – ဗျာ၊၈း၃။ ဟေဗြဲ၊၇း၂၅။ ရော၊ ၈း၂၆–၂၇၊ ၃၄။

၁၀။ ဆုတောင်းရာအိမ်၌ ဆုတောင်းခြင်း၏ အလယ်ဗဟိုအကြောင်းအရာနှင့် ပန်းတိုင်မှာ ခရစ်တော်အတွက် ဘုန်းတော်နှင့်ပြည့်စုံသောအသင်းတော်ကို ပြင်ဆင်ရန်၊ ကိုယ်တော်နှင့်လိုက်ဖက်ညီသော၊ ကိုယ်တော်၏စိတ်နှလုံးတော်အလိုဆန္ဒကို ပြီးပြည့်စုံစေသောအသင်းတော်ကို ပြင်ဆင်ရန် ဖြစ်သည် – ဧ၊၁း၅၊ ၉။ ၃း၁၄–၂၁။ ၅း၂၇။

၁၁။ သခင်ဘုရား၏ပြန်လည်ရယူခြင်းသည် ဇိအုန် – ယေရုရှလင်မြို့သစ်တွင် ပြီးမြောက်ပြည့်စုံသော ခရစ်တော်ကိုယ်ခန္ဓာတော်၏ စစ်မှန်ခြင်း– ကို တည်ဆောက်ရန်ဖြစ်ကာ၊ ကျွန်ုပ်တို့သည် ဆုတောင်းရာအိမ်အဖြစ် အသင်းတော်၌ ဆုတောင်းခြင်းအားဖြင့် ဇိအုန်ကို ရောက်ရှိကြသည် – ၄း၁၆။ ဗျာ၊၁၄း၁။ ၂၁း၂။

©2020 Living Stream Ministry